ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဓနုဖြူမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)




# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကန်စုကျေးရွာ၊ နန်းတော်ကုန်းကျေးရွာအုပ်စု

၂၀၂၀ပြည့်နှစ်

ဓနုဖြူမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သောPRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၆.၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social and Resource Map)

၆.၂။ ရာသီခွင်ပြ -ပြက္ခဒိန်(Seasonal Calender)

၆.၃။ ဉ_စ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း(Wealth Ranking)

၆.၄။ ကျား-မပင့်ကူအိမ်သုံးသပ်ခြင်း(Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း(Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား(Venn Diagram)

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာကော်မတီဝင်များစာရင်း

၉။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၂။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၄။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၅။ ကျေးရွာပထမအကြိမ် အစည်းအဝေးမှတ်တမ်း

၁၆။ ကျေးရွာဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း


၁၇။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# မြို့နယ်မြေပုံ



ဓနုဖြူမြို့နယ်
N
W
E
S
ဓနုဖြူမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး
စကေး ၁လက္မ = ၁မိုင်
ဟင်္သာတမြို့နယ်
ကျုံပျော်မြို့နယ်
ပန်းတနော်မြို့နယ်
ညောင်တုန်မြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုတည်နေရာမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေစုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | နန်းတော်ကုန်း | ၂၁၃ | ၄၁၉ | ၄၅၆ | ၈၇၅ | |
| ၂။ | ဘုရားကြီးအနောက် | ၂၀၀ | ၃၅၇ | ၃၇၅ | ၇၃၂ | |
| ၃။ | မြင်းစု | ၁၃၃ | ၂၈၄ | ၂၇၆ | ၅၆၀ | |
| ၄။ | ပေါက်တော | ၇၁ | ၁၂၉ | ၁၆၂ | ၂၉၁ | |
| ၅။ | ကန်စု | ၆၉ | ၁၁၇ | ၁၃၄ | ၂၅၁ | |
| ၆။ | ပျဉ်ထောင်စု | ၆၀ | ၁၁၃ | ၁၂၅ | ၂၃၈ | |
| ၇။ | လက်ပန်ချောင်း | ၁၂၀ | ၂၁၂ | ၂၁၆ | ၄၂၈ | |
| ၈။ | ဝင်းစု | ၁၃ | ၂၇ | ၂၈ | ၅၅ | |
| ၉။ | လဟာစု | ၂၈ | ၅၇ | ၅၉ | ၁၁၆ | |
| ၁၀။ | အညာစု | ၁၇ | ၂၉ | ၃၀ | ၅၉ | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

# ကျေးရွာသမိုင်းကြောင်း

ကန်စုကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းအုပ်စု အတွင်းတွင် တည်ရှိပါသည်။ အင်္ဂလိပ်မင်း လက်ထက်တွင် အင်္ဂလိပ်များကိုယ်တိုင် စတင်၍ ၎င်းရွာနေ ရာတွင် ရေကန် တူးဖော်ခဲ့ကြပါသည်။ ထိုရေကန်ကြီးတူးဖော်ပြီးစီးသွားသောအခါတွင် ရွာသူ/ရွာသား များမှ ကန်စုဟု အမည် ခေါ်တွင်ခဲ့ကြပါသည်။ ထိုအချိန်တွင် ကန်စုရွာလေး၏အိမ်ခြေမှာ (၇)လုံးခန့် ဖြင့် စတင်အခြေကျနေထိုင်ခဲ့ကြပါသည်။ ၁၉၉၀ခုနှစ်တွင် ကံစုရွာ၏အိမ်ခြေမှာ (၃၀)လုံးခန့် တိုးချဲ့နေထိုင်လာခဲ့ပါသည်။ ၂၀၂၀ခုနှစ် ယခုလက်ရှိအချိန်တွင် ကန်စုရွာ၏အိမ်ခြေမှာ (၆၇)လုံးခန့်ရှိပြီး ရွာသူရွာသားများ အေးချမ်းသာယာစွာဖြင့် နေထိုင်လျှက်ရှိပါသည်။ ကံစုရွာတွင်စာသင်ကျောင်းမရှိပါ။ ထူးခြားသော ဘေးအန္တရာယ်လည်း မကြုံတွေ့ခဲ့ရပါ။ ဗမာလူမျိုးစု အနည်းငယ်သာရှိပြီး ကရင်လူမျိုးစု အများဆုံး နေထိုင်ကြကာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၈)ဦး ၊ မ (၅)ဦး

# ကန်စုကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဥ်

## (PSA/ PRA) အကျဉ်းချုပ်

| စဥ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၂၈.၇.၂၀၂၀ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ(အမျိုးသား၊သမီး)များကျေးရွာအုပ်ချုပ်ရေးမှူး | ၃ | ၃ | ၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း |
| ၂ | ကျေးရွာလူမှုရေးစီပွားရေးအရင်းအမြစ်ပြမြေပုံ (Social and Resource Map) | ၂၈.၇.၂၀၂၀ | ကျေးရွာသူ/သားများနှင့်မြေပုံရေးဆွဲတက်သူကော်မတီဝင်အချို့နှင့်ကျေးရွာအကြောင်းကိုနံ့စပ်စပ်သိသောလူငယ် | ၇ | ၉ | ၁၆ | ကျေးရွာစီပွားရေးအရင်းအမြစ်များ လမ်းပန်းဆက်သွယ်ရေးအခြေအနေ သောက်သုံးရေရရှိမှု၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်၊အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၈.၇.၂၀၂၀ | ကော်မတီဝင်များ(ကျား၊မ)တောင်သူလယ်သမား၊လက်လုပ်လက်စား၊ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၈ | ၉ | ၁၇ | ကျေးရွာတွင်ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်နေသောအလုပ်အကိုင်များ၊ဝင်ငွေရှိမှုများနှင့်ပွဲတော်ရက်များအကြောင်းဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှုအဆင့်ခွဲခြားဥပမာပြဇယား (Wealth Ranking) | ၂၉.၇.၂၀၂၀ | ကျေးရွာသူ/သားများနှင့်အုပ်ချုပ်ရေးမှူး၊ကော်မတီဝင်များ | ၇ | ၈ | ၁၅ | ကျေးရွာတွင်းရှိဥစ္စာနေပိုင်ဆိုင်မှုအားအဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြ မြေပုံ (Venn Diagram) | ၂၈.၇.၂၀၂၀ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ကျေးရွာသူ/သားများ | ၁၀ | ၅ | ၁၅ | ကျေးရွာအတွင်းရှိလက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအားဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ် (Acess to control over) | ၂၈.၇.၂၀၂၀ | ကျေးရွာသူ/ကျေးရွာသားများ | ၅ | ၇ | ၁၂ | အမျိုးသားနှင့်အမျိုးသမီးများပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အမျိုးသားအမျိုးသမီးအခြေအနေသုံးသပ်ချက်မြေပုံ (Spider Web) | ၂၈.၇.၂၀၂၀ | ကျေးရွာသူ/ကျေးရွာသားများ | ၁၂ | ၁၀ | ၂၂ | ကျေးရွာအတွင်းရှိအမျိုးသား၊အမျိုးသမီးများ၏စွမ်းဆောင်ရည်အပိုင်း၊ပညာရေး၊အလုပ်အကိုင်၊ခေါင်းဆောင်မှု၊ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့်အလုပ်အကိုင်အခွင့်အလမ်းများအားအမျိုးသား၊အမျိုးသမီးနှိုင်းယှဉ်ဆွေးနွေးခြင်း။ |

## ကန်စုကျေးရွာ၏လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဥ်

## (PSA/PRA) **အကျဥ်းချုပ်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျေးရွာ၏(၅)နှစ်စာဦးစားပေးဖွံ့ဖြိုးရေးအစီအစဥ် (Metric Ranking) | ၂၀၂၀.၅.၂၄ | ကျေးရွာသူ/သားများ၊ကော်မတီဝင်များ၊ရပ်မိရပ်ဖများ၊ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၈၀ | ၄၁ | ၁၂၁ | ကျေးရွာအတွက်လိုအပ်သောအဆောက်အဦးပိုင်းဆိုင်ရာနှင့်စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေးအတွက်လုပ်ဆောင်ချင်သောလုပ်ငန်းများ၊လုပ်ဆောင်မည့်သူများအားကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ဖွံ့ဖြိုးရေးအစီအစဥ်ပြဇယား (VTDP) | ၂၀၂၀.၆.၂၄ | ကျေးရွာအုပ်စုကော်မတီဝင်များ | ၁၅ | ၁၁ | ၂၆ | ကျေးရွာအုပ်စုအတွက်ပိုမို၍အရေးကြီးသောလုပ်ငန်းများကိုဦးစားပေးအဆင့်သက်မှတ်ကာအရင်ဆုံးပြုလုပ်ရန်ဆွေးနွေးခြင်း။ |

**၁။ဇေယျာသီရိမြို့နယ်၊နန်းတော်ကုန်းကျေးရွာအုပ်စု၊ကန်စုကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ**



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ကန်စုကျေးရွာသည် ရေဝတီတိုင်း ဒေသကြီး၊ ဇေယျာသီရိမြို့နယ်၊ နန်းတော်ကုန်းအုပ်စုတွင် တည်ရှိပါသည်။ ကန်စုရွာ၏ အရှေ့ဘက်တွင် ရထားလမ်းနှင့် အဝေးပြေးကားလမ်းမကြီး ရှိပါသည်။ ကားလမ်းမကြီး၏ ဘေးတွင် ဆန်စက်ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုမှာ ကားလမ်းမဘေးနှင့် ရွာ၏ တောင်ဘက်တွင် နေထိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စုများသည် ရွာ၏ အလယ်ပိုင်းတွင် နေထိုင်ကြပါသည်။ နွမ်းပါးသော အုပ်စုများသည် ရွာ၏အနောက်ဘက်တွင် နေထိုင်ကြပါသည်။ ကံစုရွာ၏ အဓိက စီးပွားရေးမှာ လယ်ယာလုပ်ငန်း ဖြစ်ပါသည်။ ကံစုရွာတွင် လွှတ်တော်မှ ချပေးထားသော ရံပုံငွေဖြင့် ကျောက်ပြားလမ်းခင်းထားပြီး ကျန်ရှိသောလမ်းကို ကိုယ်ထူကိုယ်ထဖြင့် ကျောက်ပြားလမ်း ဆက်ခင်းထားပါသည်။ ကန်စုရွာသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်တွင် လယ်ကွင်းများဖြင့် ဝိုင်းရံထားသည့် ကျေးရွာဖြစ်ပါသည်။

**ပညာရေး**

ကန်စုရွာတွင် စာသင်ကျောင်းမရှိသည့်အတွက် အခြားကျေးရွာနှင့် မြို့များသို့ သွားရောက်ပညာသင်ကြားကြပါသည်။

**ကျန်းမာရေး**

ကျန်းမာရေးမကောင်းသည့်အခါ နန်းတော်ကုန်းအုပ်စုရှိ ကျေးလက်ဆေးပေးခန်း၊ မြို့နယ်ဆေးရုံနှင့် ဆေးပေးခန်းများတွင် သွားရောက်၍ ဆေးဝါးကုသကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

လူထုဗဟိုပြုစီမံကိန်း၏ ရန်ပုံငွေဖြင့် ရွာတွင်း ကွန်ကရစ်လမ်းကို ဆောင်ရွက်ခဲ့သော်လည်း မပြီးဆုံးသေးသည့်အတွက် နွေရာသီတွင် သွားလာရ အဆင်ပြေသော်လည်း မြေသားလမ်း ဖြစ်သည့်အတွက် မိုးရာသီ လများတွင် သွားလာရ ခက်ခဲပါသည်။


**အနှစ်ချုပ်**

ကန်စုကျေးရွာသည် နွမ်းပါးသူများပြီး အလုပ်အကိုင် ရှားပါးသည့်အတွက် ကြုံရာကျပန်း လုပ်ကိုင် စားသောက်နေထိုင်ကြပါသည်။ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလျှင် မိသားစုစားဝတ်နေရေး အဆင်ပြေလာနိုင်ပါသည်။

**ပါဝင်ဆွေးနွေးသူ** - ကျား (၅) ဦး ၊ မ (၅) ဦး

လူထုဗဟိုပြု စီမံကိန်း

## ၂။ ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု၊ ကန်စုကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်




### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

### ရာသီဥတု

တပိုတွဲ၊ တပေါင်း၊ တန်ခူးလများတွင် ရာသီဥတုသာယာပြီး ကဆုန်၊ နယုန်တွင် မိုးရွာလိုက် နေပူလိုက် ဖြစ်ပြီး ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများသည် မိုးကောင်းသောလများ ဖြစ်ပါသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် နှင်းကျသော ဆောင်းတွင်းကာလ ဖြစ်ပါသည်။

### စိုက်ပျိုးရေး

နယုန်နှင့် ဝါဆိုလများတွင် စပါးများ စိုက်ပျိုးကြပြီး ဝါခေါင်လတွင် ပေါင်းသင်ခြင်းနှင့် မြက်ကောက်ခြင်းများ လုပ်ကိုင်ကြပါသည်။ တော်သလင်း၊ သတင်းကျွတ်လတွင် ကောက်ရိတ်ခြင်း၊ နတ်တော်၊ ပြာသိုတွင် မတ်ပဲစိုက်ပျိုးကြပြီး တန်ပေါင်း၊တန်ခူးလများတွင် ပဲများရိတ်သိမ်းကြပါသည်။

### ကျန်းမာရေး

ကျန်းမာရေး အခြေအနေမှာရာသီဥတု အကူးအပြောင်းနှင့် မိုးတွင်းကာလတွင် များသော အားဖြင့် ကျန်းမာရေး မကောင်း သော အချိန်ကာလ ဖြစ်ပါသည်။ အခြားရာသီဥတုတွင်လည်း အနည်း အပါး ရာသီဥတုနှင့်ဆိုင်သော ရောဂါများ ဖြစ်ပွားတတ်ပါသည်။

**ဝင်ငွေရရှိမှု**

စပါးစိုက်ပျိုးချိန်နှင့် ပဲစိုက်ပျိုးချိန်တွင် ထွက်ငွေများရှိပြီး စပါးနှင့် ပဲရိတ်သိမ်းချိန် ကောက်ပဲသီးနှံများ ရောင်းချချိန်တွင် ဝင်ငွေ များပြားပါသည်။ နေ့စားအလုပ်သမားများမှာလည်း လုပ်ငန်းပေါ်ချိန်တွင် အလုပ်အကိုင်များ ရရှိလာသဖြင့် ဝင်ငွေကောင်းကြပါသည်။ ခြံစိုက်ပျိုးခြင်း၊ တံငါလုပ်ငန်းများကို ဆောင်ရွက်ကြသဖြင့် ဝင်ငွေ အသင့်အတင့် ရရှိကြပါသည်။

**ပွဲတော်**


ပွဲတော်များမှာ ရာသီအလိုက် ကျင်းပသော ပွဲတော်ရက်များ ရှိကြပါသည်။ တန်ခူးလတွင် သင်္ကြန် ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော် စသည်ဖြင့် ရာသီအလိုက် ကျင်းပကြပါသည်။

**အနှစ်ချုပ်**

ကန်စုကျေးရွာသည် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတု (၃)မျိုးရှိကာ ရာသီဥတု မျှတ ပါသည်။ စပါးနှင့် ပဲကို အဓိကထားစိုက်ပြီး အခြားခြံထွက် သီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ တံငါလုပ်ငန်းကိုလည်း အနည်းငယ် လုပ်ကိုင်ကြပါသည်။

**ပါဝင်ဆွေးနွေးသူ**- ကျား(၈)ဦး၊ မ(၉)ဦး

၃။ခနေဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု၊ ကန်စုကျေးရွာ ဥစ္စာခနကြွယ်ဝမှုဇယား



နန်းတော်ကုန်းအုပ်စု
ကန်စုကျေးရွာ

ဥစ္စာဓန ကြွယ်ဝမှု ဇယား

ရက်စွဲ ၁၉.၈.၂၀၁၉

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | တိုက်ခံအိမ်၊ လယ် ၈ က (၈)ကောကိုင်း၊ လယ်ထွန်စက်၊ ဂွန်ဒေါင်း၊ ခြေလှေ့စက်၊ TV PSI၊ ဆိုင်ကယ်၊ ရေတင်စက်၊ ဘွဲ့ရ၊ အထက်တန်းကျောင်းသား | ၁၀ | ၁၃% |
| အလယ်အလတ် အုပ်စု | ပျဉ်ထောင်အိမ်၊ လယ် (၃) ဧက၊ ကိုင်း၊ လယ်ထွန်စက်၊ ဂွန်ဒေါင်း၊ TV၊ PSI၊ ဆိုင်ကယ်၊ တုံကင်၊ ဘွဲ့ရ၊ အထက်တန်းကျောင်းသား | ၁၇ | ၂၂% |
| နွမ်းပါးသော အုပ်စု | သွပ်မိုးအိမ်၊ ဝါးအိမ်၊ ဝါးဘိုးဆုတ်ခံအိမ်၊ သွပ်မိုးထရံကာ၊ ကပ်ပါး၊ ချေးစားစု၊ တံငါ ကြက်ထောင်၊ ငါးဥဉ်ထောင်၊ စက်ဘီး၊ ဆိုင်ကယ်၊ ဆုံးတေး အလုပ်သမား၊ လယ်ခစား အလုပ်တက်၊ မူလတန်း၊ | ၄၀ | ၆၅ |
| | စုစုပေါင်း | ၆၇ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား (၆)ဦး၊ မ (၅)ဦး

**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**


ကံစုကျေးရွာတွင် ချမ်းသာသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးသောအုပ်စု ဟူ၍ သုံးမျိုး သက်မှတ်ထားပါသည်။ ချမ်းသာသောအုပ်စုမှာ (၁၀)အိမ် ရှိပါသည်။ တိုက်ခံအိမ်၊ လယ် (၈)ကေ၊ ကိုင်းမြေ၊ လယ်ထွန်စက်၊ ဂွန်ဒေါင်း၊ ခြေလှေ့စက်၊ တီဗွီ၊ စလောင်း၊ ဆိုင်ကယ်၊ ရေတင်စက်တို့ ပိုင်ဆိုင်ကြသည်။ ဘွဲ့ရ၊ အထက် တန်းကျောင်းများ အထိ ပညာသင်ကြား ပေးနိုင်ကြပါသည်။ အလယ်အလတ်အုပ်စုမှာ (၁၇)အိမ်ခန့် ရှိပါသည်။ သွပ်မိုးပြင်ထောင်အိမ်၊ လယ်(၃)ကေ၊ ကိုင်းမြေ၊ လယ်ထွန်စက်၊ ဂွန်ဒေါင်း၊ တီဗီ၊ စလောင်း၊ ဆိုင်ကယ်၊ တုံကင်တို့ ပိုင်ဆိုင်ကြပါသည်။ ဘွဲ့ရ၊ အထက်တန်းကျောင်းများအထိ ပညာသင်ကြား ပေးနိုင်ကြပါသည်။ နွမ်းပါးသော အိမ်ထောင်စုမှာ (၄၀)အိမ် ရှိပါသည်။ သွပ်မိုး၊ထရံကာ၊ ဝါးအိမ်၊ စက်ဘီး၊ ဆိုင်ကယ်တို့ ပိုင်ဆိုင် ကြသည်။ တံငါ၊ ကျပန်း၊ လက်သမား၊ လယ်အခစားလုပ်၊ ဆိုင်ကယ် ကယ်ရီလိုက်၊ လုပ်ကိုင် စားသောက် ကြပါသည်။ မူလတန်း၊ အလယ်တန်း အထိသာ ပညာသင်ကြား ပေးနိုင် ကြပါသည်။

**အနှစ်ချုပ်**

အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ရင်းနှီးမတည်ငွေ မရှိခြင်း၊ ကိုယ်ပိုင်လုပ်ငန်း မရှိသည့် အတွက် နွမ်းပါးသူ များပါသည်။ ထို့ကြောင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်သည့် အခါ နွမ်းပါးသူများ အား စီမံကိန်း လုပ်ငန်းခွဲများတွင် ပါဝင်ဆောင်ရွက်လျှင် စားဝတ်နေရေး အဆင်ပြေမည် ဖြစ်ပါသည်။

**ပါဝင်ဆွေးနွေးသူ** - ကျား (၇)ဦး ၊ မ (၅)ဦး

## ၄။ ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ကန်စုကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံစံ



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ရေကြည်အုပ်စု၊ ရေကြည်ကျေးရွာတွင် အဖွဲ့ အစည်းပေါင်း (၁၀)ဖွဲ့ ရှိပါသည်။ ၎င်း အဖွဲ့အစည်းများမှာ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ဝတ်အသင်း၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေး၊ အရန်သားဖွား၊ စိုက်ဘဏ်ချေးငွေအဖွဲ့၊ ငွေစုငွေချေး(ပက်စ်မြန်မာ)၊လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ ဖြစ်ပါသည်။ ကျေး ရွာအုပ်ချုပ်ရေး အဖွဲ့အစည်းသည် မြို့နယ် အုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပါသည်။ ဂေါပကအဖွဲ့သည် မြို့နယ်သံဃနာယကအဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်ပါသည်။ အရန်သားဖွားသည် မြို့နယ် ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။ စိုက်ဘဏ်ချေးငွေအဖွဲ့သည် မြို့နယ်စိုက်ဘဏ်နှင့် ချိတ်ဆက် ဆောင်ရွက်ပါသည်။ UNDP အဖွဲ့သည် ပက်(စ) မြန်မာအဖွဲ့နှင့် ချိတ်ဆက်ပါသည်။ ကျေးရွာ လူထုဗဟိုပြု စီမံကိန်းအဖွဲ့သည် မြို့နယ် လူထုဗဟိုပြု စီမံကိန်း အဖွဲ့ နှင့် ချိတ်ဆက် ဆောင်ရွက်ပါသည်။ အမျိုးသမီး ဦးဆောင်သော အဖွဲ့အစည်းနှင့် အမျိုးသား ဦးဆောင်သော အဖွဲ့အစည်း ကွာခြားမှု မရှိသော်လည်း အမျိုးသမီးများအား ရှေ့တန်းတင်ခြင်း၊ ဦးဆောင်နိုင်ခွင့်၊ ဆုံးဖြတ်ချက်ချ လုပ်ဆောင်ခွင့် စသည့် အခွင့်အရေးများ ပိုမိုပေးအပ်ရန် လိုအပ်နေပါသေးသည်။


အမျိုးသမီးများ၏ အသင်းအဖွဲ့များတွင် ပါဝင်ခွင့် နည်းခြင်းသည်လည်း အမျိုးသမီးများ၏ ဦးဆောင်ခွင့်နှင့် ဆုံးဖြတ်ချက်ချပြီး လုပ်ဆောင်နိုင်ခွင့် တို့ကို လျော့နည်းစေသည့် အကြောင်းအရင်း တစ်ရပ် ဖြစ်သည်။ အမျိုးသား ဦးဆောင်ပြီး ဆုံးဖြတ်ချက် ချခြင်းသည် အဆင်အလာ ဓလေ့တစ်ခုဟု လက်ခံကျင့်သုံးခြင်းသည်လည်း အမျိုးသမီးများ၏ အရေးပါမှုကို မျက်ကွယ် ပြုခြင်းပင် ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

**အနှစ်ချုပ်**

ကန်စုကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု များပြားအောင် ဆွဲခေါ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ** - ကျား (၁၀) ဦး၊ မ (၁၅)ဦး

## ၅။ ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ကံစုကျေးရွာ အရင်းအမြစ် ထိန်းချုပ်မှုပုံစံ



### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကံစုကျေးရွာ ဇယားနှစ်ခုကို ကြည့်ခြင်းအားဖြင့် သုံးစွဲမှုနှင့် ထိန်းချုပ်မှု တူညီမှု မရှိကြောင်း တွေ့ရှိရသည်။ အမျိုးသားများ သုံးစွဲသော အရင်းအမြစ်များမှာ ကူလီ၊ နေ့စား၊ ကယ်ရီဆွဲ၊ တီဗွီ၊ စက်ဘီး၊ ဆိုင်ကယ်၊ ထွန်စက်၊ ပန်းရံ၊ လက်သမားတို့ ဖြစ်ကြပြီး အမျိုးသမီးများ သုံးစွဲသော အရင်းအမြစ်များမှာ ဆံပင်တု၊ စက်ချုပ်ဆိုင်၊ ဈေးရောင်း၊ ကောက်စိုက်တို့ ဖြစ်ကြသည်။


အမျိုးသားနှင့် အမျိုးသမီး သုံးစွဲမှုမှာ များပြီး ထိန်းချုပ်မှုတွင် အမျိုးသားများသာ ဦးစီးဦးဆောင် လုပ်ကိုင် ဆောင်ရွက်ကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများလုပ်ဆောင်နိုင်သော အရာများကိုလည်း လုပ်ဆောင်ခွင့် ပေးခြင်း၊ ဆုံးဖြတ်ချက် ချခိုင်းခြင်း၊ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသားများနှင့် တန်းတူ ထိန်းချုပ်နိုင်ကြောင်းနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

### အနှစ်ချုပ်

ကန်စုကျေးရွာသည် အရင်းအမြစ်များကို အသုံးပြုရာတွင် အမျိုးသားနှင့်အမျိုးသမီးအတူ အသုံးပြုသော အရင်းအမြစ်များမှာ များသော်လည်း အရင်းအမြစ်များကို ဦးစီးဦးဆောင် ပြုလုပ်ခြင်း၊ ထိန်းချုပ်ခြင်းများကို အမျိုးသားများကသာ ထိန်းချုပ်နေကြကြောင်း တွေ့ရှိရပါသည်။

**ပါဝင်ဆွေးနွေးသူဦးရေ** - ကျား (၇)ဦး ၊ မ(၁၀)ဦး

### ၆။ ဓနုဖြူ မြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ကံစုကျေးရွာ ပင့်ကူအိမ် သုံးသပ်ခြင်း




### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

အမျိုးသမီးများသည် အိမ်မှုကိစ္စ ဆောင်ရွက်မှုတွင် အရမ်းများနေပြီး ပြင်ပတွင် ထွက်၍ အလုပ်မလုပ်နိုင်သောကြောင့် ဝင်ငွေရရှိမှုမှာ နည်းပါးရခြင်း ဖြစ်သည်။ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်အားခမှာလည်း အမျိုးသားများနှင့် တန်းတူ မရရှိခြင်းသည်လည်း ဝင်ငွေလျော့နည်းစေသည့် အကြောင်းအရင်းပင် ဖြစ်ပါသည်။

### အဖွဲ့အစည်းများတွင် ပါဝင်ခွင့်

အမျိုးသမီးများသည် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ရွေးချယ်ခွင့်၊ ဆုံးဖြတ်ခွင့်၊ ဦးဆောင်ခွင့်တို့ မရရှိသောကြောင့် စကားပြောဆိုရာတွင် ကြောက်ရွံ့စိတ်ရှိခြင်း၊ မိမိကိုယ်ကိုယ်ယုံကြည်မှု အားနည်းခြင်းများ ဖြစ်လာစေသည်။ ထို့ကြောင့် အမျိုးသားများသာ ဦးဆောင်သူ၊ ဆုံးဖြတ်ချက်ချနိုင်သူများ ဖြစ်သည်ဟု ရှေးရိုးအစဥ်အလာ တစ်ခုအဖြစ် အမျိုးသမီးများ စိတ်ထဲတွင် ထင်မှတ်ခဲ့ကြပါသည်။

**အမွေရပိုင်ခွင့်**

အမွေရရှိမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူညီမျှစွာ ရရှိကြပါသည်။ ရှေးရိုးအစဥ်အလာအရ အမျိုးသားနှင့် အမျိုးသမီးများကို တန်းတူ အမွေရပိုင်ခွင့် ရှိသည်ဟု သတ်မှတ်ထားကြသည့်အတွက် အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူ အမွေရပိုင်ခွင့် ပေးကြပါသည်။

**ဆုံးဖြတ်ချက်ချပိုင်ခွင့်**

ဆုံးဖြတ်ချက် ချရာတွင် အမျိုးသားများကသာ မိမိအိမ် အတွက်သော်လည်းကောင်း၊ ကျေးရွာအတွက်သော်လည်းကောင်း ဦးဆောင်လုပ်ကိုင် ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ပက်သက်ပြီး ဆုံးဖြတ်ချက် ချမှတ်ရာတွင်လည်း အမျိုးသားများကသာ ဆုံးဖြတ်ကြောင်း တွေ့ရပါသည်။

**အိမ်မှုကိစ္စဆောင်ရွက်မှု**

အမျိုးသားများသည် အိမ်ပြုပြင်ခြင်း၊ အိမ်မှုကိစ္စများကို တစ်ခါတစ်ရံ ဝိုင်းဝန်းလုပ်ကိုင် ဆောင်ရွက်ခြင်းများသာ ရှိပြီး ပြင်ပတွင်ထွက်၍ အလုပ် လုပ်နိုင်သောကြောင့် ဝင်ငွေရရှိမှု များခြင်းဖြစ်သည်။ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်တွင် အများဆုံးဖြစ်သည်။

လုပ်အားခမှာလည်း အမျိုးသား(၅၀၀၀)၊ အမျိုးသမီး (၃၀၀၀) ဖြင့် တန်းတူရရှိမှု မရှိပါ။ ကျေးရွာတွင် စီမံကိန်းများ အကောင်အထည် ဖော်ချိန်၌ အမျိုးသား၊ အမျိုးသမီး တန်းတူ လုပ်အားခ ရရှိမည်ဖြစ်သောကြောင့် အတူလက်တွဲ လုပ်ဆောင်ရန်နှင့် ကော်မတီများတွင် အမျိုးသမီးများ ပါဝင်ဖွဲ့စည်းထားသည့်အတွက် အမျိုးသားများ အနေဖြင့် လက်တွဲခေါ်ဆောင်ရန် ဆွေးနွေးခဲ့သည်။

**အနှစ်ချုပ်**

ကန်စုကျေးရွာတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ တန်းတူညီမျှမှု မရှိသော အခြေအနေကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အလုပ်အကိုင် အခွင့်အလမ်းများ၊ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်တွင်လည်း နည်းပါးနေသည်ကို တွေ့ရပါသည်။

**ပါဝင်ဆွေးနွေးသူ** - ကျား( ၈)ဦး ၊ မ (၁၀)ဦး

ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ကန်စုကျေးရွာ ပ-ကြိမ် အစည်းအဝေးဆောင်ရွက်ပုံ



ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ကန်စုကျေးရွာ အစည်းအဝေးဆောင်ရွက်ပုံ



## ၈။ ကျေးရွာကော်မတီများစာရင်း

| စဥ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| **ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ** | | | | |
| ၁။ | ဦးမျိုးမင်းကျော် | √ | | ဥက္ကဌ |
| ၂။ | ဒေါ်အေးအေးမြင့် | | √ | ဥက္ကဌ |
| **ဝယ်ယူရေးဆပ်ကော်မတီ** | | | | |
| ၁။ | ဒေါ်မြင့်မြင့်အေး | | √ | ခေါင်းဆောင် |
| ၂။ | ဒေါ်ခိုင်ဦး | | √ | မှတ်တမ်းထိန်း |
| ၃။ | | | | အဖွဲ့ဝင် |
| **ကျေးရွာငွေစာရင်းကိုင်** | | | | |
| ၁။ | ဦးဝင်းဗိုလ် | √ | | တာဝန်ခံ |
| **စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ** | | | | |
| ၁။ | ဒေါ်သင်းသင်းဦး | √ | | ခေါင်းဆောင် |
| ၂။ | ဦးကံလင်း | | √ | အဖွဲ့ဝင် |
| ၃။ | | | | အဖွဲ့ဝင် |
| **လည်ပတ်ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ** | | | | |
| ၁။ | | | | ခေါင်းဆောင် |
| ၂။ | ဒေါ်အေးအေးမြင့် | | √ | အဖွဲ့ဝင် |
| ၃။ | | | | အဖွဲ့ဝင် |
| **ဝေဖန်အကြံပြု တိုင်ကြားရေးတာဝန်ခံ** | | | | |
| ၁။ | ဒေါ်ယဥ်ယဥ်ဌေး | | √ | တာဝန်ခံ |
| ၂။ | | | | တာဝန်ခံ |
| **ကျေးရွာ စေတနာ့ဝန်ထမ်း** | | | | |
| ၁။ | ဦးအောင်ကျော်စိန် | √ | | အကူ |
| ၂။ | | | | အကူ |
| ၃။ | | | | အကူ |
| ၄။ | | | | အကူ |

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤ ။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးစိန်မြင့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉-၄၅၃၇၄၅၇၅၇ | လူထုစည်းရုံးရေးမှူး၏အမည်<br>ဒေါ်မင်းမင်းသန်း | |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>နန်းတော်ကျုံး | ကျေးရွာ<br>ကန်ရှ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)--ဗမာ-- | ၂ | ဘာသာ(၁)ဗမာ/ဗုဒ္ဓ | ၆၉ |
| လူမျိုးစု (၂)--ကရင်-- | ၆၇ | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)---ဗမာ | ၃ | ၃ | ၆ |
| လူမျိုးစု (၂)---ကချင် | ၁၁၄ | ၁၃၁ | ၂၄၅ |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၅၂ | ၁၇ | ၆၉ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) (ကွန်ကရစ်လမ်း) မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/(မသိပါ)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/(မပြုခဲ့ပါ)/မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှရင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂---/မသိပါ

(၂) ဤကျေးရွာမှ ရင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်------၃၀ မိနစ်--------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ--------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------မရှိပါ-------------

(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးစိန်မြင့်

လက်မှတ် နေ့စွဲ ၂၄.၇.၂၀၂၀

လူထုစည်းရုံးရေးမှူး အမည် ဒေါ်မင်းမင်းသိန်း

လက်မှတ် နေ့စွဲ ၂၄.၇.၂၀၂၀

## ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| |
|---|
| လမ်းညွှန်ချက် ၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်မင်းမင်းသင်း / မောင်ဝင်းဝေလွင် |

| နေ့စွဲ ၄.၇.၂၀၂၀ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု ကျောကြည် | ကျေးရွာ ကန်စု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၄.၇.၂၀ | ၄.၇.၂၀ | ၄ | ၆ | ၁၀ | မသာ/၁ - ကျောင်း-၉ | ၆၉ | ၁၄.၄၉% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆.၇.၂၀၂၀ | ၆.၇.၂၀၂၀ | ၄၄ | ၂၂ | ၆၆ | မသာ-၅ /ကျောင်း-၆၁ | ၆၉ | ၉၆% |
| ၃။ ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကိုရွာသို့အ | | | | | | | | |

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မြင့်မြင့်သန်း | | | |
| နေ့စွဲ ၇.၈.၂၀၂၀ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု နန်းတော်ကျွန်း | ကျေးရွာ ကန်ရ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| * ကျောင်းသားများ သွားလာရေး ခက်ခဲခြင်း၊ ကုန်သွယ် ရောင်းဝယ်ရေး ခက်ခဲခြင်း၊ ဒေသသားများ အခွန်း ခံကြရ | □ ကျား □မ ☑ ကျား+မ |
| တွင် ခက်ခဲခြင်း၊ ကျန်းမာရေး အတွက်ကျောင်းဆေးကြော်ငြာကြခြင်း * သန့်ရှင်းသော သောက်သုံးရေသန့် မရှိသဖြင့် ကျန်းမာ | □ ကျား □မ ☑ ကျား+မ |
| ရေးအတွက်ခက်ခဲခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါ များ ဖြစ်ပွားခြင်း | □ ကျား □မ □ ကျား+မ |
| * ညအခါ သွားလာရေး လုံခြုံမှု မရှိခြင်း၊ ကျောင်းသားများ အတွက် စာကြည့်ရန်အခက်အခဲ ရှိခြင်း၊ | □ ကျား □မ ☑ ကျား+မ |
| * ချောင်းကူး တံတား မရှိသည့်အတွက် ကျောင်းသားများ ရွာသူ/သားများ သွားလာ ရာတွင် အခက်အခဲ ရှိပါသည်။ | □ ကျား □မ ☑ ကျား+မ |
| * အထွေထွေ ဗဟုသုတ နည်းပါးကြပါသည်။ * အသက်မွေးဝမ်းကျောင်း အတတ်ပညာ မရှိသည့်အတွက် | □ ကျား ☑မ □ ကျား+မ ကျား + မ |
| စားဝတ်နေရေး ခက်ခဲခြင်း။ * စိုက်ပျိုး ရိတ်ချေးငွေ မလုံလောက်သည့်အတွက် အ တိုးမြင့်ငွေချေးယူရ ခက်ခဲခြင်း၊ မြေဩဇာ လုံလောက် စွာ မ | □ ကျား □မ ☑ ကျား+မ |
| ထည့်နိုင်ခြင်း၊ အထွက်နှုန်း နည်းပါးခြင်း။ * ကျန်းမာရေး အသိပညာ နည်းပါး သဖြင့် ကြိုတင်ကာ | □ ကျား □မ ☑ ကျား+မ |
| ကွယ်နိုင်မှု နည်းပါးခြင်း၊ အချိန်မီ မကုသနိုင်ခြင်း။ | □ ကျား □မ □ ကျား+မ |
| | □ ကျား □မ □ ကျား+မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|
| * ကျောင်းသားများ သွားလာရေး အဆင်ပြေစေရန်၊ ဆေးဝက်ကျော်များကို ရွှေ့ကွက်သို့ အဆင်ပြေစွာ | ☐ ကျား ☐ မ ☑ ကျား+ မ |
| ရောက်ရှိနိုင်စေရန်။ * သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိစေ၍ | ☐ ကျား ☐ မ ☑ ကျား+ မ |
| ဝမ်းပျက်ဝမ်းလျှော ရောဂါ ဖြစ်ပွားမှု နှုန်းလျော့နည်း ပြီး ကျန်းမာရေး အဆင်ပြေစေရန်။ | ☐ ကျား ☐ မ ☐ ကျား+ မ |
| * ကျောင်းသားများ စာကြည့်ရာတွင် အဆင်ပြေစေရန် နှင့် ညအခါ လုံခြုံမှုရှိစေရန်နှင့် လူနေမှု မြင့်မားလာ | ☐ ကျား ☐ မ ☑ ကျား+ မ |
| မည်။ * ချောင်းကူးတံတား ရရှိလျှင် ကျောင်းသားများ၊ ဈေးသူ ဈေးသားများ၊ သွားလာရေး အဆင်ပြေပြီး၊ စီးပွားရေး | ☐ ကျား ☐ မ ☑ ကျား+ မ |
| ပညာရေး၊ လူမှုရေး အဆင့်တန်း မြင့်မားလာမည်။ * အသက်မွေးဝမ်းကြောင်း အတတ်ပညာများ ရရှိလျှင် | ☐ ကျား ☐ မ ☐ ကျား+ မ |
| ကိုယ်ပိုင်လုပ်ငန်း များ လုပ်ကိုင်နိုင်ပြီး၊ အိမ်ထောင်ရေး အတွက် အထောက်အကူ ပြုနိုင်ပါမည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| * စိုက်ပျိုးရေး ဆိုင်ရာ လုံလောက်စွာ ရရှိလျှင် မြေဩဇာ လုံလောက်စွာ သုံးစွဲနိုင်မည်။ အသီးနှံ ဖြင့် စိုက်ပျိုးနိုင်မည်။ အထွက်တိုးပြီး ဝင်ငွေ ကောင်းမွန်လာမည် ဖြစ်ပါသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| * အတိုးနည်းချေးငွေ ရလျှင် တစ်နိုင်တစ်ပိုင် လုပ်ငန်း များ လုပ်ကိုင်နိုင်မည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| * အထွေထွေ ဆေးပေးခန်း ဖြစ်လာစေရန်။ * ကျန်းမာရေး အသိပညာများ ရရှိပြီး ကြိုတင်ကာ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ကွယ်နိုင်စေရန်နှင့် မိသားစု အတွက်လည်း ကျန်းမာရေး အထောက်အကူ ဖြစ်စေမည်။ | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၃)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူစုစုပေါင်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းကွန်ကရစ်လမ်း | ကျား + မ | လမ်းပန်းဆက် သွယ်ရေး | ၉၉ သိန်း | ၁၁၇ | ၁၃၄ | ၂၅၁ |
| ၂ | လျှပ်စစ်မီး | ကျား + မ | ရေနှင့်ရေ သန့်ရှင်းရေး | ၁၂၀ သိန်း | ၁၁၇ | ၁၃၄ | ၂၅၁ |
| ၃ | ရေသန့်စက်ရုံ | ကျား + မ | ရေနှင့်ရေ သန့်ရှင်းရေး | ၁၁၀ သိန်း | ၁၁၇ | ၁၃၄ | ၂၅၁ |
| ၄ | အင်ဂျင်မီး | ကျား + မ | မီးလင်းရေး | - | ၁၁၇ | ၁၃၄ | ၂၅၁ |
| ၅ | ချောင်းကူးတံတား | ကျား + မ | လမ်းပန်း ဆက်သွယ်ရေး | - | ၁၁၇ | ၁၃၄ | ၂၅၁ |
| ၆ | ဓာတ်ကြိုးသွယ်တိုက် | မ | အခြား | - | ၁၁၇ | ၁၃၄ | ၂၅၁ |
| ၇ | | | | | | | |
| ၈ | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသက်မွေးဝမ်းကြောင်းသင်တန်း | ကျား + မ | အခြား |
| ၂ | ကော်ရှုလက်မှုသင်တန်း | ကျား | အခြား |
| ၃ | စိုက်ပျိုးရေး ချေးငွေ | ကျား + မ | စိုက်ပျိုးရေး |
| ၄ | အတိုးနည်းချေးငွေ | ကျား + မ | အခြား |
| ၅ | ကျန်းမာရေး အသိပညာပေး သင်တန်း | ကျား + မ | ကျန်းမာရေး |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ---ဦးမျိုးမင်းကျော်----- လက်မှတ် ---------------------- နေ့စွဲ-----------------------------

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

